# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

# ရေချိုငါးလုပ်ငန်းဥပဒေ

## (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁/၉၁)

၁၃၅၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

(၁၉၉၁ ခုနှစ်၊ မတ်လ ၄ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ရေချိုငါးလုပ်ငန်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **ဝန်ကြီး** ဆိုသည်မှာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်၊

(ခ) **ဦးစီးဌာန** ဆိုသည်မှာ ငါးလုပ်ငန်းဦးစီးဌာနကို ဆိုသည်၊

(ဂ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်၊

(ဃ) **ဦးစီးဌာနမှူး** ဆိုသည်မှာ ငါးလုပ်ငန်းဦးစီးဌာန၏ ပြည်နယ်၊ တိုင်း၊ မြို့နယ်စု သို့မဟုတ် မြို့နယ်ဦးစီးဌာနမှူးကို ဆိုသည်၊

(င) **ရေချိုလုပ်ငန်းရေပြင်** ဆိုသည်မှာ မြန်မာနိုင်ငံ ပင်လယ်ကမ်းရိုးတန်း တစ်လျှောက်မှ ကုန်းတွင်းနယ်နိမိတ်အတွင်းတွင် ရှိသည့် အစဉ်အမြဲ ရေတည် ရှိသည်ဖြစ်စေ၊ ယာယီရေတည်ရှိသည်ဖြစ်စေ၊ ငါးများနေထိုင်ကျက်စား

ခိုအောင်းပေါက်ပွားကြီးပြင်းရာ ရေပြင်၊ ရေကန်၊ ရေရိုး၊ မြစ်၊ ချောင်း၊ အင်းအိုင်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ဂရန်အင်း၊ သီးသန့်အင်း၊ လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်၊ ရေလှောင်ဆည်ကြီး များ၊ အစိုးရဌာနတစ်ခုခု၏ နယ်မြေအတွင်းရှိ ရေပြင်များ၊ ကုန်းတွင်း ဒီရေ ရောက်ရာဒေသများ၊ ကျွန်းပေါ်ရှိ ရေပြင်များ၊ လိပ်များနှင့် မိကျောင်းများ၊ ဥချသည့်အသိုက်များ၊ ကျင်းများ၊ ရေချိုရေငန်စပ်ဒေသများစသည်တို့လည်း ပါဝင်သည်။ ထို့ပြင် ပင်လယ်နှင့်ဆက်စပ်သည့်မြစ်ဝများ၊ ချောင်းဝများ၌ အဝ၏တစ်ဆက်ကမ်းအစွန်ဆုံးမှ အခြားတစ်ဖက်ကမ်းအစွန်ဆုံးကို ဆွဲထား သည့် မျဉ်းဖြောင့်၏ ဒီရေကျရာဘက် ရေပြင်သည် ရေချိုငါးလုပ်ငန်းရေပြင် ဖြစ်သည်။

(စ) **ငါး** ဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင်သော်လည်းကောင်း၊ ဘဝအစိတ် အပိုင်းတစ်ပိုင်းတွင်သော်လည်းကောင်း၊ ရေထဲ၌ နေထိုင်ကျက်စားသည့် ရေသတ္တဝါအားလုံး၊ ယင်းတို့၏ဥများ၊ သားလောင်းများ၊ သားပေါက်ကောင် များ၊ မျိုးစေ့များကိုဆိုသည်။ ယင်းစကားရပ်တွင် ရေတွင်ပေါက်ပွားသည့် အပင်များနှင့် ယင်းတို့၏ အပင်ပေါက်များ၊ မျိုးစေ့များလည်း ပါဝင်သည်။

(ဆ) **ငါးလုပ်ငန်း** ဆိုသည်မှာ ငါးနှင့်ပတ်သက်သော လုပ်ငန်းများကို စနစ်တကျ စီမံခန့်ခွဲရန်၊ စီးပွားဖြစ်လုပ်ကိုင်ရန်၊ မျိုးထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းတို့ကိုဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းဆီးခြင်း၊ စုဆောင်းခြင်း၊ မွေးမြူခြင်း၊ စူးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ မျိုးစိုက် ထည့်ပေးခြင်း၊ ပြန့်ပွားစေခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်းစသည့် လုပ်ငန်းများလည်း ပါဝင်သည်၊

(ဇ) **ငါးဖမ်းခြင်း** ဆိုသည်မှာ ငါးများအားဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ ဆွဲဆောင်ခြင်း၊ လိုက်လံခြင်း၊ မူးမေ့စေခြင်း၊ သေစေခြင်းစသည်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်း လုပ်ငန်းများအတွက် အထောက်အကူပြုလုပ်ငန်းနှင့် ပြင်ဆင်ခြင်း လုပ်ငန်းများလည်း ပါဝင်သည်၊

(ဈ) **ငါးဖမ်းကိရိယာ** ဆိုသည်မှာ ငါးဖမ်းရာတွင် အသုံးပြုသော ပစ္စည်းကိရိယာကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းရာ၌ အထောက်ကူပြုသော ပစ္စည်းကိရိယာများလည်း ပါဝင်သည်၊

(ည) **ငါးဖမ်းရေယာဉ်** ဆိုသည်မှာ ငါးဖမ်းသည့် မည်သည့်ရေယာဉ်ကိုမဆို ဆိုသည်။ ယင်းစကားရပ်တွင် ငါးလုပ်ငန်းလုပ်ကိုင်သည့် ရေယာဉ်များ၊ ငါးဖမ်းရေယာဉ်ကို အထောက်အကူပြုသော ယာဉ်များလည်း ပါဝင်သည်၊

(ဋ) **ဂရန်အင်း** ဆိုသည်မှာ ဦးစီးဌာနက နယ်နိမိတ်၊ ငါးမျိုး၊ ငါးဖမ်းကိရိယာ၊ အချိန်ကာလနှင့် ငါးဖမ်းနည်းစသည့် သတ်မှတ်ချက်များထားရှိ၍ အငှားဂရန်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသော ရေပြင်ကိုဆိုသည်၊

(ဌ) **သီးသန့်အင်း** ဆိုသည်မှာ ဦးစီးဌာနက ငါးမျိုးပြုန်းတီးခြင်းမရှိစေရန်နှင့် ငါးမျိုးပွားများစေရန်အလို့ငှာ ငါးလုပ်ငန်း လုပ်ကိုင်ခြင်းကို အခါအားလျော်စွာ ပိတ်ပင်တားမြစ်ထားသော ရေပြင် သို့မဟုတ် သတ်မှတ်ချက်ဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသော ရေပြင်ကိုဆိုသည်၊

(ဍ) **လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ ဦးစီးဌာနက ဂရန်အင်း၊ သီးသန့်အင်းဟု သတ်မှတ်ထားသော နေရာဒေသမှအပ အခြားရေချိုငါးလုပ်ငန်းရေပြင်တွင် ငါးဖမ်းကိရိယာလိုင်စင်ဖြင့်ဖြစ်စေ၊ ငါးဖမ်းကွက်သတ်မှတ်ပြီး တင်ဒါလိုင်စင်ချထား၍ဖြစ်စေ၊ အခြားနည်းလမ်း တစ်ရပ်ရပ်ဖြင့်ဖြစ်စေ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသော ရေပြင်ကို ဆိုသည်၊

(ဎ) **အငှားဂရန်** ဆိုသည်မှာ ဂရန်အင်း တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ဦးစီးဌာနက ထုတ်ပေးသည့် အငှားဂရန်ကိုဆိုသည်၊

(ဏ) **လိုင်စင်** ဆိုသည်မှာ ဂရန်အင်းမှအပ ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ဦးစီးဌာနက ထုတ်ပေးသည့်လိုင်စင်ကိုဆိုသည်၊

(တ) **ပြန်အမ်းငွေ** ဆိုသည်မှာ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ပါ စည်းကမ်းချက်ကို ဖောက်ဖျက်ခြင်းကြောင့် မဟုတ်ဘဲ နိုင်ငံတော်၏အကျိုးငှာ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင်ဖြစ်စေ၊

သဘာဝဘေးအန္တရာယ်ကြောင့် သို့မဟုတ် အခြားခိုင်လုံသော အကြောင်း တစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှု ထိခိုက်နစ်နာမှုရှိလျှင်ဖြစ်စေ၊ အငှားဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်းခံရသူက ပေးသွင်း ထားသည့် အခွန်အခအနက် လုပ်ကိုင်ရန် ကျန်ရှိသော ငါးလုပ်ငန်း ရာသီအတွက် ပြန်လည်ရထိုက်သော အခွန်အခငွေကို ဆိုသည်၊

(ထ) **ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ** ဆိုသည်မှာ ဦးစီးဌာနက ထုတ်ပေးသည့် အငှားဂရန်၊ တင်ဒါလိုင်စင် သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင်ရရှိသူကို ဆိုသည်၊

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ရေချိုငါးလုပ်ငန်းကို အောက်ပါရည်ရွယ်ချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက် ရမည်။

(က) ငါးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) ငါးမျိုးပြုန်းတီးမှုကို ကာကွယ်တားဆီးရန်၊

(ဂ) ရေချိုငါးလုပ်ငန်း ရေပြင်များ ပျက်စီးခြင်းမှ ကာကွယ်စောင့်ရှောက်ရန်၊

(ဃ) နိုင်ငံတော်က ရသင့်ရထိုက်သော အခွန်အခများ ရရှိစေရန်၊

(င) ငါးလုပ်ငန်းများကို ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းနှင့် အရေးယူဆောင်ရွက် ခြင်း ပြုနိုင်စေရန်။

## အခန်း (၃)
## အငှားဂရန်၊ လိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၄။ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်း လုပ်ကိုင်လိုသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ဈေးပြိုင်စနစ်ဖြင့် လေလံဆွဲဂယ်ရမည်။

၅။ ဂရန်အင်းမှအပ အခြားရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင်ခပေးဆောင်ခြင်းဖြင့်ဖြစ်စေ၊ တင်ဒါလိုင်စင်ချထားခြင်းဖြစ်ပါက ချိတ်ပိတ်တင်ဒါဈေးနှုန်း တင်သွင်း၍ လိုင်စင်ရယူခြင်းဖြင့်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ရမည်။

၆။ ဂရန်အင်းလေလံတင်ရောင်းချသည့်ကိစ္စနှင့် အခြားရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် တင်ဒါလိုင်စင်ချထားသည့်ကိစ္စတို့ကို သက်ဆိုင်ရာမြို့နယ်စု ဦးစီးဌာနမှူးသည် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ လေလံတင်ရောင်းချခြင်း သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်းပြုရမည်။

၇။ မြို့နယ်စုဦးစီးဌာနမှူးသည် ဂရန်အင်းလေလံတင် ရောင်းချသည့်ကိစ္စနှင့် တင်ဒါလိုင်စင်ချထားသည့်ကိစ္စတို့တွင် သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူး၏ အတည်ပြုချက်ရယူရမည်။

၈။ မြို့နယ်စုဦးစီးဌာနမှူးသည် ပုဒ်မ ၇ အရ အတည်ပြုချက်ရယူပြီးနောက် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ထုတ်ပေးရမည်။

၉။ မြို့နယ်ဦးစီးဌာနမှူးသည် အငှားဂရန်နှင့် တင်ဒါလိုင်စင်ချထားသည့် ကိစ္စတို့မှအပ ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာအမျိုးအစားတစ်ခုခုဖြင့် လုပ်ကိုင်လိုကြောင်း လျှောက်ထားလာလျှင် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးနိုင်သည်။

## အခန်း (၄)
## နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် လျှောက်ထားခြင်း၊ ခွင့်ပြုခြင်း

၁၀။ ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါငါးလုပ်ငန်းလုပ်ကိုင်လိုသူက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လျှောက်ထားလာလျှင် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ချထားနိုင်သည် -

(က) နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်း လုပ်ကိုင်လိုသူ ပြည်ပနေ နိုင်ငံခြားသား၊

(ခ) နိုင်ငံခြား မတည်ငွေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ လုပ်ကိုင်လိုသူ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်။

၁၁။ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၁၀ အရ လျှောက်ထားလာသည့်ကိစ္စကို ခွင့်ပြုပါက-

(က) အင်းခွန်၊ တင်ဒါကြေးနှင့် လိုင်စင်ခတို့ကို နိုင်ငံခြားငွေဖြင့် သတ်မှတ်ရမည်။

(ခ) လိုအပ်သည့် စည်းကမ်းချက်များကို သတ်မှတ်နိုင်သည်။

၁၂။ ပုဒ်မ ၁၀ အရ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် လျှောက်ထားသူသည် လုပ်ကိုင်ခွင့်ရရှိပါက အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည် -

(က) ပေးဆောင်ရန်ရှိသော အင်းခွန်၊ တင်ဒါကြေးနှင့် လိုင်စင်ခတို့ကို ပေးဆောင်ခြင်း၊

(ခ) အငှားဂရန် သို့မဟုတ် လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာခြင်း၊

(ဂ) မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများကို လိုက်နာခြင်း။

# အခန်း (၅)
# အင်းခွန်၊ တင်ဒါကြေးနှင့် လိုင်စင်ခ ပေးဆောင်ခြင်း

၁၃။ ဂရန်အင်းလေလံဆွဲဝယ်ရရှိသူသည် ဆွဲဝယ်သည့် လေလံကြေးဖြစ်သော အင်းခွန်ကိုလည်းကောင်း၊ တင်ဒါလိုင်စင်ချထားခြင်း ခံရသူသည် တင်ဒါကြေးနှင့် လိုင်စင်ခတို့ကိုလည်းကောင်း လက်ငင်းငွေချေစနစ်ဖြင့် အပြေအကျေပေးဆောင်ရမည်။

၁၄။ ညွှန်ကြားရေးမှူးချုပ်သည် ဝေးလံခေါင်ပါးသောဒေသရှိ ဂရန်အင်းများနှင့်စပ်လျဉ်း၍ အင်းခွန်ကို သတ်မှတ်ပေးသည့်အရစ်ဖြင့် ပေးဆောင်စေရန် ခွင့်ပြုနိုင်သည်။

၁၅။ ဂရန်အင်းမှအပ အခြားရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာလိုင်စင်ရရှိသူသည် ပေးဆောင်ရန်ရှိသော လိုင်စင်ခကို လက်ငင်းငွေချေစနစ်ဖြင့် အပြေအကျေပေးဆောင်ရမည်။

၁၆။ ပုဒ်မ ၁၄ အရ အင်းခွန်ကို အရစ်ကျပေးဆောင်ရန် ခွင့်ပြုထားသည့်ကိစ္စတွင် ပေးဆောင်ရန် ပျက်ကွက်သူသည် ပေးဆောင်ရန်ရှိသော အင်းခွန်အပြင် သတ်မှတ်သည့် ဒဏ်ကြေးကိုလည်း ပေးဆောင်ရမည်။

၁၇။ ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါလုပ်ငန်းများအတွက် အင်းခွန်၊ တင်ဒါကြေးနှင့် လိုင်စင်ခပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည် -

(က) ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သော ငါးလုပ်ငန်းသုတေသန၊

(ခ) အစိုးရဌာန တစ်ခုခု သို့မဟုတ် အစိုးရအဖွဲ့အစည်း တစ်ခုခုက စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ခြင်းမဟုတ်ဘဲ မိမိဌာန သို့မဟုတ် အဖွဲ့အစည်းရှိ ဝန်ထမ်းများ၏ စားသုံးမှုအတွက် ဆောင်ရွက်သော ငါးလုပ်ငန်း။

## အခန်း (၆)
## ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်နိုင်ခွင့်များ

၁၈။ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပေးဆောင်ရန်ရှိသော အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခများကို အပြေအကျေ ပေးဆောင်ခြင်း၊

(ခ) အငှားဂရန် သို့မဟုတ် လိုင်စင်ပါစည်းကမ်းချက်များနှင့် ဦးစီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို လိုက်နာခြင်း၊

(ဂ) ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ပြုလုပ်သော ငါးလုပ်ငန်း သုတေသနကို အခမဲ့ ဆောင်ရွက်ပေးခြင်း။

၁၉။ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူ၏ ဆောင်ရွက်နိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) အငှားဂရန် သို့မဟုတ် လိုင်စင်ပါ စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိခြင်း၊

(ခ) ပြန်အမ်းငွေထုတ်ပေးရန် လျှောက်ထားနိုင်ခွင့်ရှိခြင်း။

## အခန်း (၇)
## ဝန်ကြီး၏ လုပ်ပိုင်ခွင့်များ

၂၀။ ဤဥပဒေအရ ဝန်ကြီးသည် နိုင်ငံတော်၏အကျိုးငှာ လိုအပ်လျှင် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ဖြင့် ရေချိုငါးလုပ်ငန်း ရေပြင် တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုခြင်း၊

(ခ) မည်သည့်အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ဂ) အခြားလျော်ကန်သင့်မြတ်သော အမိန့်တစ်ရပ်ရပ်ချမှတ်ခြင်း။

၂၁။ ဝန်ကြီးသည် -

(က) မည်သည့် ငါးလုပ်ငန်းကိုမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်မှ ကင်းလွတ်ခွင့်ပြုနိုင်သည်၊

(ခ) ညွှန်ကြားရေးမှူးချုပ်၊ ပြည်နယ်၊ တိုင်း သို့မဟုတ် မြို့နယ်စု ဦးစီးဌာနမှူးတို့က ပြန်လည်ထုတ်ပေးနိုင်ခွင့်ရှိသော ပြန်အမ်းငွေပမာဏကို သတ်မှတ်ပေးရမည်။

## အခန်း (၈)

## ညွှန်ကြားရေးမှူးချုပ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၂။ ညွှန်ကြားရေးမှူးချုပ်၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပုဒ်မ ၃ ပါ ရည်ရွယ်ချက်များ ထမြောက်အောင်မြင်စေရန် ငါးလုပ်ငန်းများကို စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊

(ခ) ငါးဖမ်းကိရိယာ အမျိုးအစားအလိုက် လိုင်စင်ခနှုန်းထားများကို သတ်မှတ်ပေးခြင်း၊

(ဂ) တားမြစ်သည့် ငါးအမျိုးအစား၊ အရွယ်အစား၊ ငါးဖမ်းရာသီ၊ နေရာဒေသ၊ ငါးဖမ်းကိရိယာနှင့် ငါးဖမ်းနည်းတို့ကို သတ်မှတ်ပေးခြင်း၊

(ဃ) ဦးစီးဌာနမှူးများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကိုသတ်မှတ်ပေးခြင်း။

၂၃။ ညွှန်ကြားရေးမှူးချုပ်၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဝေးလံခေါင်ပါးသော နေရာဒေသရှိ ဂရန်အင်းများနှင့်စပ်လျဉ်း၍ အင်းခွန်ကို အရစ်ကျပေးဆောင်စေရန် ခွင့်ပြုခြင်း၊ အရစ်ကျကာလနှင့် နှုန်းထားများ သတ်မှတ်ပေးခြင်း၊

(ခ) ဂရန်အင်း၊ သီးသန့်အင်း သို့မဟုတ် လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်း ရေပြင်အမျိုးအစား သတ်မှတ်ခြင်း၊ ပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ဂ) လုံလောက်သော အကြောင်းရှိလျှင် ဂရန်အင်း တစ်ခုခုကို လေလံဆွဲဝယ် ရရှိသူအား နှစ်အကန့်အသတ်ဖြင့် ဆက်လက်၍ အငှားဂရန် ချထားရန် ညွှန်ကြားခြင်း တင်ဒါလိုင်စင်ကို ပယ်ဖျက်ခြင်း၊

(ဃ) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်တစ်ခုခုကို မမှန်မကန်သော နည်းလမ်းဖြင့် ရယူထားကြောင်း တွေ့ရှိလျှင် ယင်းအငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ပယ်ဖျက်ခြင်း။

၂၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် အရေးယူသည့်ကိစ္စတွင် ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ခ) ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့် အခြားသက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း သို့မဟုတ် အခြားသင့်လျော်သလို စီမံခန့်ခွဲခြင်း၊

(ဂ) ငါးဖမ်းရေယာဉ်နှင့် ငါးဖမ်းကိရိယာများကို ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူကိုဖြစ်စေ၊ ပိုင်ရှင်ကိုဖြစ်စေ လုံလောက်သောခံဝန်ဖြင့် ပြန်လည်ပေးအပ်ထားခြင်း သို့မဟုတ် ပြန်လည်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဃ) ငါးဖမ်းရေယာဉ်နှင့်ငါးဖမ်းကိရိယာများကို သင့်လျော်သော ဒဏ်ကြေးပေးဆောင်စေ၍ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ သို့မဟုတ် ပိုင်ရှင်အား ပြန်လည်ရွေးယူခွင့်ပြုခြင်း၊

(င) ရောင်းရငွေနှင့် ဒဏ်ကြေးငွေများကို ဘဏ်တွင် အပ်ငွေအဖြစ် ပေးသွင်းစေခြင်း။

## အခန်း (၉)
## ပြန်အမ်းငွေ လျှောက်ထားခြင်း

၂၅။ အောက်ပါအချက် တစ်ရပ်ရပ်ပေါ်ပေါက်လျှင် အငှားဂရန်ရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်း ခံရသူသည် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာ မြို့နယ်စုဦးစီးဌာနမှူးထံ ပြန်အမ်းငွေ လျှောက်ထားနိုင်သည် -

(က) နိုင်ငံတော်၏အကျိုးငှာ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင် ဆိုင်းငံ့ခံရခြင်း သို့မဟုတ် ရုပ်သိမ်းခံရခြင်း၊

(ခ) သဘာဝဘေးအန္တရာယ် သို့မဟုတ် အခြားခိုင်လုံသော အကြောင်းတစ်စုံ တစ်ရာကြောင့် ငါးထုတ်လုပ်မှု ထိခိုက်နစ်နာခြင်း။

၂၆။ ပုဒ်မ ၂၅ အရ လျှောက်ထားလာလျှင် သက်ဆိုင်ရာမြို့နယ်စု ဦးစီးဌာနမှူးသည် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၂၇။ ညွှန်ကြားရေးမှူးချုပ်၊ ပြည်နယ်၊ တိုင်း သို့မဟုတ် မြို့နယ်စုဦးစီးဌာနမှူးသည် ပုဒ်မ ၂၅ အရ လျှောက်ထားလာသည့်ကိစ္စနှင့် စပ်လျဉ်း၍ မှန်ကန်ကြောင်း စစ်ဆေးတွေ့ရှိလျှင် ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ) အရ ဝန်ကြီးက ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်နှင့်အညီ အငှားဂရန် ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်း ခံရသူအား ရသင့်သောပြန်အမ်းငွေပမာဏကို ပြန်လည်ထုတ်ပေးစေရန် အမိန့်ချမှတ်ရမည်။

၂၈။ ဝန်ကြီးသည် ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်နယ်၊ တိုင်း သို့မဟုတ် မြို့နယ်စုဦးစီး ဌာနမှူးတို့၏ ဆုံးဖြတ်နိုင်ခွင့်ထက် ကျော်လွန်သော ပြန်အမ်းငွေ လျှောက်ထားချက်များကို အဆုံးအဖြတ်ပေးရမည်။

၂၉။ ပုဒ်မ ၂၇ သို့မဟုတ် ပုဒ်မ ၂၈ အရ ပြန်အမ်းငွေထုတ်ပေးရန် အမိန့်ချမှတ်ပါက သက်ဆိုင်ရာမြို့နယ်စု ဦးစီးဌာနမှူးသည် လုပ်ထုံးလုပ်နည်းများနှင့်အညီ အငှားဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်းခံရသူအား ပြန်အမ်းငွေကို ပြန်လည်ထုတ်ပေးရမည်။

## အခန်း (၁၀)
## ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ပျက်ပြယ်ခြင်း

၃၀။ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ ဤဥပဒေအရ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပျက်ပယ်သည် -

(က) ခွင့်ပြုသည့်ကာလ ကုန်ဆုံးခြင်း၊

(ခ) အငှားဂရန်၊ တင်ဒါလိုင်စင် သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင် ရုပ်သိမ်းခံရခြင်း သို့မဟုတ် ပယ်ဖျက်ခံရခြင်း၊

(ဂ) ငါးလုပ်ငန်းကို ဆက်လက်မလုပ်ကိုင်တော့ကြောင်း ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိခြင်း၊

(ဃ) ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူက မိမိလုပ်ငန်းကို ဆက်လက်မလုပ်ကိုင်လို၍ အငှားဂရန်၊ တင်ဒါလိုင်စင် သို့မဟုတ် ငါးဖမ်းကိရိယာ လိုင်စင်ကို ပြန်လည်အပ်နှံခြင်း။

## အခန်း (၁၁)
## အယူခံခြင်း

၃၁။ (က) မြို့နယ်ဦးစီးဌာနမှူးက ငါးဖမ်းကိရိယာလိုင်စင်နှင့် စပ်လျဉ်း၍ ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ မြို့နယ်စု ဦးစီးဌာနမှူးထံ အယူခံနိုင်သည်။

(ခ) မြို့နယ်စုဦးစီးဌာနမှူးသည် ပုဒ်မခွဲ(က)အရ မြို့နယ်ဦးစီးဌာနမှူးက ချမှတ်ထားသည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုလုပ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ မြို့နယ်စုဦးစီးဌာနမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် လက်ခံရရှိသည့် နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးထံ အယူခံနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ)အရ အယူခံရာတွင် သက်ဆိုင်ရာပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးသည် မြို့နယ်စုဦးစီးဌာနမှူးက ချမှတ်ထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုလုပ်နိုင်သည်။ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်အပေါ် ထပ်မံ၍ အယူခံခွင့်မရှိစေရ။

၃၂။ (က) အငှားဂရန်၊ တင်ဒါလိုင်စင် သို့မဟုတ် ငါးလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုကိစ္စ တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ မြို့နယ်စု၊ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူး က ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် လက်ခံရရှိသည့် နေ့မှ ရက်ပေါင်း ၃၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံနိုင်သည်၊

(ခ) ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မခွဲ(က)အရ မြို့နယ်စု၊ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးက ချမှတ်ထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုလုပ်နိုင်သည်၊

(ဂ) ပုဒ်မခွဲ (ခ)အရ ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် အောက်ပါကိစ္စတစ်ရပ်ရပ်နှင့် အကျုံးဝင်လျှင် ထပ်မံ၍ အယူခံခွင့် မရှိစေရ -

(၁) ငါးလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲခြင်းကိစ္စ၊

(၂) တန်ဖိုး ကျပ် ၃၀၀၀၀၀၀ အထိ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင် ကိစ္စ။

(ဃ) ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် တန်ဖိုးကျပ် ၃၀၀၀၀၀၀ အထက် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကိစ္စ

ဖြစ်လျှင် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို မကျေနပ်ပါက ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့် လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်။

(င) ပုဒ်မခွဲ (ဃ) ပါကိစ္စနှင့်စပ်လျဉ်း၍ ဝန်ကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း (၁၂)
## တားမြစ်ချက်များ

၃၃။ မည်သူမျှ ဤဥပဒေအရ ထုတ်ပေးသည့် အငှားဂရန်၊ လိုင်စင် သို့မဟုတ် ခွင့်ပြုချက် မရှိဘဲ ငါးလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ။

၃၄။ မည်သူမျှ ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် အောက်ပါတို့ကို မပြုလုပ်ရ -

(က) ပေါက်ကွဲစေတတ်သည့်ပစ္စည်း၊ အဆိပ်အတောက်၊ ဓာတုပစ္စည်းနှင့် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေသောပစ္စည်းဖြင့် ငါးဖမ်းခြင်း သို့မဟုတ် အကျိုးဖျက်ဆီးခြင်း၊

(ခ) တားမြစ်ထားသော ငါးဖမ်းနည်း၊ ငါးဖမ်းကိရိယာဖြင့် ငါးဖမ်းခြင်း၊

(ဂ) တားမြစ်ထားသော ငါးမျိုး၊ ငါးအရွယ်အစားကို ဖမ်းဆီးခြင်း၊

(ဃ) တားမြစ်ထားသော အချိန်ကာလနှင့် နေရာဒေသတွင် ငါးဖမ်းခြင်း။

၃၅။ မည်သူမျှ အင်းလေလံဆွဲဝယ်ပြီးနောက် သို့မဟုတ် တင်ဒါလိုင်စင် ချထားခြင်းခံရပြီးနောက် ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ ပေးဆောင်ရန်ရှိသော အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခနှင့် ဒဏ်ကြေးတို့ကို သတ်မှတ်သည့် ကာလအတွင်း ပေးဆောင်ရန် ပျက်ကွက်ခြင်း မရှိစေရ။

၃၆။ မည်သူမျှ ရေချိုငါးလုပ်ငန်း ရေပြင်တွင် ဦးစီးဌာန၏ခွင့်ပြုချက်မရရှိဘဲ ဆည်၊ တမံ၊ အင်းစသော အပိတ်အဆို့၊ အတားအဆီး တစ်စုံတစ်ရာကို စိုက်ထူးခြင်း၊ တည်ဆောက်ခြင်း၊ ချထားခြင်း၊ ပြုပြင်ခြင်း၊ သုံးစွဲခြင်း မပြုလုပ်ရ။

၃၇။ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူသည် အငှားဂရန်၊ တင်ဒါလိုင်စင် သို့မဟုတ် ငါးဖမ်းကိရိယာ လိုင်စင်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

၃၈။ မည်သူမျှ အင်းအိုင် သို့မဟုတ် အင်းချောင်း နယ်နိမိတ်အတွင်း အောက်ပါတို့ကို မပြုလုပ်ရ -

(က) ငါးနေငါးထိုင်တောများ ပျက်စီးစေရန် ခုတ်ထွင်ခြင်း၊ မီးရှို့ခြင်း၊

(ခ) အင်းမကြီး၏ ရေစီးရေလာ ပျက်ပြားစေရန် အင်းအိုင်၏ သဘာဝအခြေအနေကို ထိခိုက်အောင် ပြုလုပ်ခြင်း။

၃၉။ မည်သူမျှ အင်းချောင်း နယ်နိမိတ်အတွင်း သီးနှံစိုက်ပျိုးခြင်း မပြုလုပ်ရ။

၄၀။ မည်သူမျှ ရေချိုငါးလုပ်ငန်း ရေပြင်တွင် ငါး၊ အခြားရေသတ္တဝါတို့အား အနှောင့်အယှက်ဖြစ်စေရန် သို့မဟုတ် ရေထုညစ်ညမ်းစေရန် မပြုလုပ်ရ။

၄၁။ မည်သူမျှ ခွင့်ပြုချက်မရရှိဘဲ ဂရန်အင်း၊ သီးသန့်အင်းနှင့် ယင်းတို့နှင့်ဆက်စပ်နေသည့် ချောင်းမြောင်းများတွင်ဖြစ်စေ၊ ရေစီးလမ်းကြောင်းများတွင်ဖြစ်စေ ရေ၏အမျိုးအစား၊ ရေ၏ထုထည် သို့မဟုတ် ရေစီးလမ်းကြောင်းကို ပြောင်းလဲခြင်း မပြုလုပ်ရ။

## အခန်း (၁၃)
## ပြစ်ဒဏ်များ

၄၂။ မည်သူမဆို ပုဒ်မ ၃၃ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် -

(က) ငါးဖမ်းကိရိယာ လိုင်စင်မရရှိဘဲ ငါးလုပ်ငန်း လုပ်ကိုင်သည့်ကိစ္စဖြစ်ပါက ငွေဒဏ်ကျပ် ၅၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၆ လအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်၊

(ခ) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်မရှိဘဲ ငါးလုပ်ငန်း လုပ်ကိုင်သည့်ကိစ္စဖြစ်ပါက ငွေဒဏ် ကျပ် ၂၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၂ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၄၃။ မည်သူမဆို ပုဒ်မ ၃၅၊ ပုဒ်မ ၃၆၊ ပုဒ်မ ၃၈၊ ပုဒ်မ ၃၉၊ ပုဒ်မ ၄၀ သို့မဟုတ် ပုဒ်မ ၄၁ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၄၄။ အငှားဂရန်ရရှိသူ၊ တင်ဒါလိုင်စင် ချထားခြင်းခံရသူ သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင်ရရှိသူသည် ပုဒ်မ ၃၇ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် -

(က) ငါးဖမ်းကိရိယာလိုင်စင်ပါစည်ကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့်ကိစ္စဖြစ်ပါက ငွေဒဏ်ကျပ် ၃၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၃ လအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်၊

(ခ) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့်ကိစ္စဖြစ်ပါက ငွေဒဏ် ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၄၅။ မည်သူမဆို ပုဒ်မ ၃၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် ကျပ် ၃၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၄၆။ မည်သူမဆို ဤဥပဒေအရ ပြစ်မှုတစ်ခုခု ကျူးလွန်ခြင်းကို အားပေးကူညီလျှင် သို့မဟုတ် ကျူးလွန်ရန် အားထုတ်လျှင် သို့မဟုတ် ကျူးလွန်ရန် ပူးပေါင်းကြံစည်လျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ် ချမှတ်ခြင်းခံရမည်။

၄၇။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် အပြစ်ပေးခံရဖူးသူသည် ယင်းပြစ်မှုကို ထပ်မံကျူးလွန်ပါက ပြဋ္ဌာန်းသတ်မှတ်ထားသည့် ပြစ်ဒဏ်၏ နှစ်ဆအထိ ကျခံစေရမည်။

## အခန်း (၁၄)

## အထွေထွေ

၄၈။ ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှားစီရင်ခြင်း သို့မဟုတ် အပြီးအပြတ် လွတ်ခြင်း အမိန့်ချမှတ်ပြီးဖြစ်လျှင် ယင်းပြစ်မှုအတွက် ထပ်မံစစ်ဆေးစီရင်ခြင်း မပြုရဟု ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၃ ပုဒ်မခွဲ (၁)ပါ ပြဋ္ဌာန်းချက်သည် ဤဥပဒေအရ ညွှန်ကြားရေးမှူးချုပ်၏ အရေးယူဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၄၉။ တည်ဆဲဥပဒေ တစ်ရပ်ရပ်တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ တရားရုံးတစ်ရုံးရုံး က ဤဥပဒေအရ ချမှတ်သောအမိန့်သည် ဤဥပဒေအရ ညွှန်ကြားရေးမှူးချုပ်၏ အရေးယူဆောင်ရွက်ခြင်းအပေါ် ထိခိုက်မှုမရှိစေရ။

၅၀။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သည့် အမှုများကို ပြည်သူ့ရဲတပ်ဖွဲ့က အရေးယူပိုင် သော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၅၁။ ဦးစီးဌာနမှူးသည် မိမိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ ပြည်သူ့ရဲတပ်ဖွဲ့၏ အကူအညီကို တောင်းခံရယူနိုင်သည်။

၅၂။ ရေချိုငါးလုပ်ငန်း ရေပြင်များနှင့် စပ်လျဉ်း၍ အငှားဂရန်နှင့် လိုင်စင်ချထားခြင်း၊ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုခြင်းတို့ကို ဦးစီးဌာနကသာ ဆောင်ရွက်ခွင့်ရှိသည်။

၅၃။ ဦးစီးဌာနသည် ဂရန်အင်းနှင့် သီးသန့်အင်းနယ်နိမိတ်ပြ မြေပုံများကို သက်ဆိုင်ရာ အစိုးရဌာနနှင့် ညှိနှိုင်း၍ ပြုစုထားရှိရမည်။

၅၄။ ဤဥပဒေအရ ရရန်ရှိသော အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခနှင့် ဒဏ်ကြေးများကို သက်ဆိုင်ရာဦးစီးဌာနမှူးသည် မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ အရကောက်ခံ ရမည်။

၅၅။ ဤဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သော ကိစ္စတစ်ရပ်ရပ်အတွက် ပြည်သူ့ ဝန်ထမ်းတစ်ဦးဦးကို တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော် လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။

၅၆။ ရေချိုငါးလုပ်ငန်းနှင့်စပ်လျဉ်း၍ တည်ဆဲအင်းအိုင်အက်ဥပဒေ၊ ယင်းအက်ဥပဒေ၏ နည်းဥပဒေများနှင့် အမိန့်ဆင့်ဆိုချက်များသည် ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ အတည်ဖြစ်စေရမည်။

၅၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနသည် -

(က) လိုအပ်သော လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) လိုအပ်သော အမိန့်၊ ညွှန်ကြားချက်တို့ကို ထုတ်ပြန်နိုင်သည်။